The U.S. Embassy is deeply concerned about ongoing clashes in Shan State involving the Ta'ang National Liberation Army (TNLA), the Restoration Council of Shan State (RCSS), and the military. We are particularly concerned by alleged human rights violations targeting ethnic Shan and Palaung communities. Civilian protection as well as unhindered access for all humanitarian organizations to those affected by the fighting is a fundamental international principle. Offensive military actions undermine the trust necessary to build lasting peace. We urge all sides to exercise restraint and recommit to dialogue so that the peace process may remain on track, and those displaced are able to return to their homes and resume their lives.

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီနှင့် မြန်မာတပ်မတော်တို့အကြား ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ အမေရိကန်သံရုံး အနေဖြင့် များစွာစိုးရိမ်ပူပန်မိပါသည်။ အထူးသဖြင့် ရှမ်းနှင့်ပလောင် တိုင်းရင်းသား လူ့အသိုက်အဝန်းများအား ဦးတည်၍ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ စိုးရိမ်မိပါသည်။ အရပ်သားများအပေါ် အကာအကွယ်ပေးရေးအပါအဝင် ပဋိပက္ခဘေးသင့်ပြည်သူများထံသို့ လူသားချင်း စာနာထောက်ထားသည့်အဖွဲ့အစည်းများ အတားအဆီးမရှိ သွားရောက်နိုင်ရေးသည် နိုင်ငံတကာ၏ အခြေခံကျသောမူ ဖြစ်ပါသည်။ ထိုးစစ်ဆင်နေမှုများသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် တည်ဆောက်နေသည့် ယုံကြည်မှုကို ပျက်ပြားစေပါသည်။ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံခြင်းတရားကို ကျင့်သုံးကြရန်နှင့် ကတိကဝတ်ကို ပြန်လည်ဖော်ဆောင်ကြရန် အားလုံးကို မိမိတို့ တိုက်တွန်းပါသည်။ သို့မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆက်လက်ဖြစ်ထွန်းနေမည်ဖြစ်ပြီး နေရပ်ရွှေ့ပြောင်းဒုက္ခသည်များလည်း နေရပ်သို့ပြန်နိုင်မည်ဖြစ်ကာ ၎င်းတို့၏ ဘဝများကို ပြန်လည် ထူထောင်နိုင်မည် ဖြစ်ပါသည်။